ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားညီညွတ်ရေးအစိုးရ
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

**ကြေညာချက်အမှတ် (၄/၂၀၂၂)**

၁၃၈၃ ခုနှစ်၊ တပေါင်းလဆန်း ၈ ရက်

(၂၀၂၂ ခုနှစ်၊ မတ်လ၊ ၁၀ ရက်)

**ဝန်ထမ်းခေါ်ယူခန့်ထားခြင်းဆိုင်ရာ ထုတ်ပြန်ကြေညာခြင်း**

၁။ မြန်မာနိုင်ငံတွင် တပ်မတော်အမည်ခံ အကြမ်းဖက်စစ်အုပ်စု အဆက်ဆက်သည် အကြမ်းဖက်စစ်တပ်၊ စစ်ဖျူရိုကရက်အုပ်ချုပ်ရေးယန္တရား၊ စစ်တပ်နှင့် စစ်တပ်ဆက်စပ်သူများ ပိုင်ဆိုင်သော စစ်တပ်အခြေပြု လက်ဝါးကြီးအုပ် စီးပွားရေး စနစ်စသော ပင်မဒေါက်တိုင်ကြီး သုံးခုကို အခြေပြုကာ စစ်အာဏာရှင်စနစ် ထူထောင်ခြင်း၊ စစ်အာဏာရှင်စနစ် အသက်သွင်းခြင်း၊ စစ်အာဏာရှင်စနစ် ရှည်ကြာစေရန် တည်ဆောက်ခြင်း များကို နှစ်ပေါင်းများစွာ ပြုလုပ်ခဲ့ကြသည်။

၂။ ယင်းသို့ စစ်အာဏာရှင်စနစ် ထူထောင်တည်ဆောက်မှုလုပ်ငန်းများတွင် ဝန်ကြီးဌာနအသီးသီးသို့ စစ်တပ်မှ တပ်မှူးများအား အရပ်သားအသွင်ပြောင်းတာဝန်ထမ်းဆောင်စေခြင်း၊ စစ်တပ်သြဇာခံဝန်ထမ်းများ ဖြစ်လာစေရန် သင်တန်းများပေးခြင်း စသည့် နည်းလမ်းများကို ကျင့်သုံးပြီး စစ်ဖျူရိုကရက်အုပ်ချုပ်ရေး ယန္တရားကို တည်ဆောက်ခဲ့ကြသည်။

၃။ သို့ရာတွင် ၂၀၂၁ခုနှစ်၊ ဖေဖော်ဝါရီလ (၁) ရက်နေ့ စစ်အာဏာသိမ်းရန်ကြိုးပမ်းမှု ဖြစ်ပွားပြီးနောက်ပိုင်း မြန်မာနိုင်ငံအရပ်ရပ်ရှိ ဝန်ကြီးဌာနအသီးသီးမှ နိုင်ငံ့ဝန်ထမ်းများစွာတို့သည် စစ်တပ်သြဇာခံဝန်ထမ်းများအဖြစ် စစ်ဖျူရိုကရက်အုပ်ချုပ်ရေးယန္တရားကို ခွေသွားစိတ်များအဖြစ် ပါဝင်လည်ပတ်ခြင်းမရှိပဲ Civil Disobedience Movement (CDM) ပြုလုပ်ကာ ပြည်သူလူထုနဲ့အတူ တသားတည်း ရပ်တည်ခဲ့ကြသည်။

၄။ အဆိုပါ CDM ဝန်ထမ်းများ၏ စွန့်လွှတ်အနစ်နာခံမှုများကြောင့် စစ်ဖျူရိုကရက်အုပ်ချုပ်ရေး ယန္တရားသည် နိုင်ငံနှင့် ပြည်သူလူထုအပေါ်တွင် သစ္စာစောင့်သိမှုမရှိသော Non-CDM ဝန်ထမ်းများဖြင့်သာ ဆက်လက်လည်ပတ်ခဲ့ကြောင်း တွေ့ရှိရသည်။

၅။ ယခုအခါတွင် ဝန်ကြီးဌာနအသီးသီးရှိ Non-CDM ဝန်ထမ်းအကြီးအကဲများသည် နိုင်ငံတော် ပုန်ကန်မှုနှင့် စစ်ရာဇဝတ်မှုကျူးလွန်ပြီး၊ တရားမဝင်အစိုးရဖွဲ့စည်းထားသော အကြမ်းဖက်စစ်ကောင်စီ၏ အုပ်ချုပ်ရေး အာဏာကို အသက်သွင်းရန် ဝန်ထမ်းသစ်များကို ခေါ်ယူလျက်ရှိရာ စစ်ကောင်စီ၏ တရားမဝင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနလည်း ပါဝင်လျက်ရှိကြောင်း တွေ့ရှိရသည်။

၆။ သို့ဖြစ်ရာ အကြမ်းဖက်စစ်ကောင်စီမှ ဖွဲ့စည်းထားသော အစိုးရသည် တရားမဝင်အစိုးရဖြစ်သဖြင့် တရားမဝင်အစိုးရ၏ ဝန်ကြီးဌာနသည်လည်း တရားဝင်မှုမရှိကြောင်းနှင့် အဆိုပါဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်ရန် လျှောက်ထားခြင်း၊ တာဝန်ထမ်းဆောင်ခြင်းများသည် တရားဝင်မှုမရှိကြောင်း ထုတ်ပြန်ကြေညာအပ်သည်။

၇။ ယင်းသို့ တရားမဝင် ဝန်ကြီးဌာနတွင် ဝန်ထမ်းအဖြစ် လျှောက်ထားသူများအားလုံး (စစ်ကောင်စီ၏ ဝန်ထမ်းများအဖြစ် လျှောက်ထား၍ တရားမဝင် ဝန်ကြီးဌာနအတွင်းသို့ ထိုးဖောက်ကာ သတင်းအချက်အလက်များ ရယူရန် တာဝန်ပေးထားသူများမှအပ) ကိုလည်း နိုင်ငံတော်ပုန်ကန်မှုကျူးလွန်သည့် အကြမ်းဖက်စစ်အုပ်စု၏ လုပ်ရပ်များကို အားပေးဆောင်ရွက်သူများအဖြစ် သတ်မှတ်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်သည်။

ခင်မမမျိုး

ပြည်ထောင်စုဝန်ကြီး

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

အမျိုးသားညီညွတ်ရေးအစိုးရ